■ "ပေါက်ဖော်ချစ်ကြည်ရေး"

# ဒုတိယအကြိမ်မြောက်မြန်မာNLD ပါတီလူငယ်ပါတီဝင်များမွမ်းမံ သင်တန်းကို ယူနန်တက္ကသိုလ်တွင်ဖွင့်လှစ်



၂၀၁၇ခုနှစ် စက်တင်ဘာလ (၂၂) ရက်နေ့တွင် ဒုတိယအကြိမ်မြောက် မြန်မာ NLDပါတီလူငယ်ပါတီဝင်များ မွမ်းမံ သင်တန်းကို ယူနန်တက္ကသိုလ်တွင် သင်တန်းဖွင့်ပွဲကျင်းပခဲ့သည်။ ယူနန်တက္ကသိုလ် ပါတီအတွင်းရေးမှူးရန်လင်၊ မြန်မာပြည်ထောင်စုသမ္မတနိုင်ငံ ကူမင်းအခြေစိုက် မြန်မာနိုင်ငံကောင်စစ်ဝန်ချုပ်ဦးစိုးပိုင်၊ ယူနန်ပြည်နယ် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဦးစီးဌာန ပြည်ပစီးပွားရေး အကျိုးတူပူးပေါင်းဆောင်ရွက်မှုဌာန ညွှန်ကြားရေးမှူးမန်ရမ်ကျွမ်၊ သင်တန်းတက်ရောက်မည့် NLD ပါတီလူငယ်ပါတီဝင်(၁၅)ဦးနှင့် ယူနန်တက္ကသိုလ် အပြည်ပြည်ဆိုင်ရာ အကျိုးတူပူးပေါင်းဖလှယ်ရေးဌာန "ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု"သုတေသနဌာန အိမ်နီးချင်းနိုင်ငံနယ်စပ် သုတေသနစင်တာ မြန်မာနိုင်ငံသုတေသနဌာနမှ ကျောင်းသားကျောင်းသူများ ဆရာဆရာမများက ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ကြသည်။

ယူနန်တက္ကသိုလ်ကို ၁၉၂၂ခုနှစ်တွင်စတင်တည်ထောင်ခဲ့သည်။ တရုတ်နိုင်ငံအနောက်တောင်ပိုင်းတွင် ပထမဆုံးတည်ထောင်ခဲ့သော အထွေထွေဘာသာရပ်ဆိုင်ရာတက္ကသိုလ်ကြီးဖြစ်သည်။ ယခုလက်ရှိတွင် တိုင်းရင်းသားရေးရာ၊ သဘာဝပတ်ဝန်းကျင်ရေးရာ၊ အထူးအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ ပတ်ဝန်းကျင်ကာကွယ်ထိန်းသိမ်းရေးနှင့် နယ်စပ်ရေးရာ၊ အရှေ့တောင်အာရှ၊ တောင်အာရှအပြည်ပြည်ဆိုင်ရာရေးရာများကို သုတေသနပြုစုခြင်းကို အားသာချက်အဖြစ်လုပ်ဆောင်နေကြသည်။ ဘာသာရပ်မေဂျာများစုံလင်သည်။ လူရည်ချွန်များစုဝေးနေသောတစ်နိုင်ငံလုံးဆိုင်ရာ အလေးထားအထွေထွေတက္ကသိုလ်ကြီးဖြစ်သည်။ နိုင်ငံခြားဆက်ဆံရေးအပိုင်း ကဏ္ဍတွင်ယူနန်တက္ကသိုလ်သည် "ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု" အကြံပြုချက်ကိုအခြေခံပြီး တောင်အာရှ၊ အရှေ့တောင်အာရှ ဒေသများမှနိုင်ငံများကို မျက်နှာပြုအလေးထားသောသုတေသနစနစ်နှင့် နိုင်ငံခြားကျောင်းသားကျောင်းသူများ မွေးထုတ်ပေးသောအရေးကြီးစခန်းဖြစ်သည်။ အထူးသဖြင့် မြန်မာနိုင်ငံတက္ကသိုလ်ကျောင်းများနှင့် ကောင်းမွန်သော အကျိုးတူပူးပေါင်းဆောင်ရွက်မှု ဆက်ဆံရေးများကို ရရှိထားသည်။

ကူမင်းမြို့အခြေစိုက် မြန်မာနိုင်ငံကောင်စစ်ဝန်ချုပ်ဦးစိုးပိုင်က မြန်မာဆိုရိုးစကားဖြင့် "ယခုခေတ်လူငယ်များသည် နောင်အနာဂတ်ခေါင်းဆောင်များဖြစ်ကြသည်။" ထိုကဲ့သို့သော မွမ်းမံသင်တန်းများသည် တရုတ်မြန်မာနှစ်နိုင်ငံ နယ်ပယ်မျိုးစုံ၏ ဖလှယ်ရေးနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်မှုများနှင့် တိုးတက်ဖွံ့ဖြိုးမှုအတွက် အလွန်အရေးပါလှပါသည်။ အပြုသဘောဆောင်သော အကျိုးသက်ရောက်မှုများရှိပါသည်။ တရုတ်မြန်မာနှစ်နိုင်ငံ လူငယ်များအတွက်ဖလှယ်ရေးများပြုလုပ်နိုင်သော ပေါင်းကူးတံတားနှင့် ပလက်ဖောင်းဖြစ်လာအောင် နောက်နောင်တွင်ယူနန်တက္ကသိုလ်မှ ထိုကဲ့သို့ကျင်းပသောမွမ်းမံသင်တန်းများကို ရေရှည်အမြဲကျင်းပပြုလုပ်သော အကျိုးတူပူးပေါင်းဆောင်ရွက်မှု စီမံကိန်းဖြစ်လာနိုင်ရန်မျှော်လင့်ပါကြောင်း ပြောကြားသွားပါသည်။

တရုတ်နိုင်ငံသို့လာရောက်လေ့လာရသည့်အတွက် အလွန်ဝမ်းသာပါသည်။ အဆိုပါအခွင့်အလမ်းဖြင့် တရုတ်နိုင်ငံ၏ တိုးတက်ဖွံ့ဖြိုးမှုအခြေအနေနှင့် အတွေ့အကြုံများကို သိကျွမ်းနားလည်သွားလိမ့်မည်ဟုမျှော်လင့်ပါသည်ဟု မွမ်းမံသင်တန်းသို့ တက်ရောက်သောသင်တန်းသားကိုယ်စားလှယ်က အမှာစကားပြောကြားသည့်အခါတွင် ထိုကဲ့သို့ပြောကြားသည်။

ယူနန်တက္ကသိုလ်သည်၂၀၁၆ခုနှစ်ကစပြီးမွမ်းမံသင်တန်းများကို ဖွင့်လှစ်ခဲ့သည်။ ယခုနှစ် ဒုတိယအကြိမ်မြောက် မွမ်းမံသင်တန်းကို ယူနန်တက္ကသိုလ်မှဦးစီးကျင်းပကာ ယူနန်တက္ကသိုလ် မြန်မာသုတေသနဌာနမှ တွဲဖက်ကျင်းပသည်။ ယူနန်ပြည်နယ်စီးပွားရေး ကူးသန်းရောင်းဝယ်ရေးဦးစီးဌာနမှ ငွေကြေးများအား ထောက်ပံ့ပေးသည်။ မြန်မာနိုင်ငံသင်တန်းသားများ တရုတ်နိုင်ငံသို့မထွက်ခွာမီအချိန်တွင် အဆိုပါသင်တန်းသားများကို မြန်မာနိုင်ငံအခြေစိုက် တရုတ်သံရုံးမှ သံမှူးရန်စိုကျိန်က စက်တင်ဘာလ (၁၅) ရက်နေ့တွင်ရန်ကုန် NLDပါတီရုံးချုပ်တွင် ဆွေးနွေးပွဲကျင်းပခဲ့သည်။ တရုတ်နိုင်ငံ၏ အစိုးရပေါ်လစီများ၊ စီးပွားရေး၊ ယဉ်ကျေးမှုနှင့် နိုင်ငံခြားဆက်ဆံရေးအပိုင်းကဏ္ဍမျိုးစုံ၏ အခြေအနေများနှင့် အယူအဆများကို သင်တန်းသားများအား မိတ်ဆက်ပေးခဲ့သည်။ တရုတ်မြန်မာဆက်ဆံရေး"ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု" အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်း၊ မြန်မာနိုင်ငံတည်ငြိမ်အေးချမ်းရေးစသည့်အပိုင်းကဏ္ဍများတွင် ဆွေးနွေးမှုများပြုလုပ်ခဲ့သည်။

## ကူမင်းမြို့မှဟန္ဒိုင်းမြို့အထိ အပြည်ပြည်ဆိုင်ရာ ကုန်စည်သယ်ယူပို့ဆောင်ရေးလေကြောင်းလိုင်းဖွင့်လှစ်



ယခုရက်ပိုင်းတွင် ယိုဟော်တောက်လေကြောင်းလိုင်းမှ ကူမင်းမြို့မှဟန္ဒိုင်းမြို့အထိခွင့်ပြုချက်ရ အပြည်ပြည်ဆိုင်ရာကုန်စည်သယ်ယူပို့ဆောင်ရေး လေကြောင်းလိုင်းကိုတရားဝင်ဖွင့်လှစ်ခဲ့သည်။ ၎င်းသည် ကူမင်းလေဆိပ်မှ ဒက္ကားမြို့၊ ဒေလီမြို့၊ မွမ်ဘိုင်းမြို့၊ Madrasမြို့သို့ လေကြောင်းလိုင်းများ ပြေးဆွဲခွင့်ရရှိပြီးနောက် ထပ်မံဖွင့်လှစ်ပေးသော ပဥ္စမမြောက်အပြည်ပြည်ဆိုင်ရာလေကြောင်းလိုင်းဖြစ်သည်။

အဆိုပါ လေကြောင်းလိုင်းသည် Uni-top Airline လေကြောင်းလိုင်းမှ A300-600မော်ဒယ် ကုန်တင်လေယာဉ်ဖြင့်ပျံသန်းမည်ဖြစ်သည်။ အဓိကကုန်ပစ္စည်းများသည် တန်ဖိုးမြင့်သော လျှပ်စစ်ပစ္စည်းများဖြစ်သည်။ လေကြောင်းလိုင်းတစ်လိုင်းလျှင် သယ်ယူနိုင်သောကုန်ပစ္စည်း အလေးချိန်သည်(၄၈)တန်ဖြစ်သည်။

အဆိုပါလေကြောင်းလိုင်း ကူမင်းမြို့မှဟန္ဒိုင်းမြို့သို့ အသွားအပြန်ပြေးဆွဲခွင့်ပြုလိုက်ခြင်းသည် ကူမင်းနှင့်ဟန္ဒိုင်းမြို့အကြားထုတ်လုပ်မှုလိုင်းကို အခြေခံသွားမည်ဖြစ်ပြီးကူမင်းလေဆိပ်မှ အရှေ့တောင်အာရှနိုင်ငံများသို့ ဖွင့်လှစ်ပေးထားသော လေကြောင်းလိုင်းကွန်ယက်ကို တိုးချဲ့လိုက်ခြင်းဖြစ်သည်။ နှစ်နိုင်ငံကုန်ပစ္စည်းများသယ်ယူပို့ဆောင်ရေးနှင့် စီးပွားရေးကူးသန်းရောင်းဝယ်ရေးများကို ဖြစ်ထွန်းအောင်ပံ့ပိုးကူညီပေးမည်ဖြစ်သည်။ ယူနန်ပြည်နယ်မှမဲခေါင်မြစ်ဝှမ်းဒေသများနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်း၊ တရုတ်နိုင်ငံအာဆီယံနိုင်ငံအကြား လွတ်လပ်စွာကုန်သွယ်ရေးဇုန်တည်ဆောက်ခြင်းအတွက် အလွန်အရေးပါလှသည်ဟု မိတ်ဆက်ခြင်းအရ သိရပါသည်။

သတင်းထောက် - လီစာ

## ထိန်ချုံသည်မြန်မာနိုင်ငံသို့ လျှပ်စစ်ထုတ်လွှတ်ပေးသော လမ်းကြောင်းအသစ်တစ်ခုဖြစ်လာ

သတင်းထောက်က ကူမင်းအကောက်ခွန်ဌာနမှ ရရှိသောသတင်းအရ ယခုနှစ်ဧပြီလတွင် ယူနန်သည် ထိန်ချုံမှတဆင့် မြန်မာနိုင်ငံသို့ လျှပ်စစ်များထုတ်လွှတ်ပေးခဲ့ပါသည်။ ယခုနှစ် ဩဂုတ်လအထိ မြန်မာနိုင်ငံသို့ တင်ပို့ခဲ့သော လျှပ်စစ်သည် (၄၇၀)ကီလိုဝပ် ရှိခဲ့ပြီဖြစ်ပြီး ကူးသန်းရောင်းဝယ်ရေးတန်ဖိုးငွေသည် တရုတ်ယွမ်ငွေ(၂.၈) သန်းသို့ရောက်ရှိခဲ့သည်။

လျှပ်စစ်ထုတ်လွှတ်မှုအဆင်ပြေချောမွတ်စေရန်အတွက် ကူမင်းအကောက်ခွန်ဌာန လက်အောက်ထိန်ချုံးအကောက်ခွန်ဌာနသည် လျှပ်စစ်ကုန်ပစ္စည်း၏ ထူးခြားမှုနှင့် အထူးသယ်ယူမှုစနစ်ပေါ်မူတည်ပြီး ကုန်ပစ္စည်းပမာဏရေတွက်ခြင်း၊ အခွန်ကြေငြာခြင်းစနစ်၊ အချိန်မှန်အခွန်ကြေငြာခြင်း၊ နယ်စပ်လျှပ်စစ်တာဝါသို့သွားပြီး လျှပ်စစ်ပမာဏကြီးကြပ်ခြင်းစသည်တို့ကို လုပ်ဆောင်ခဲ့သည်။ လျှပ်စစ်များ အဆင်ပြေချောမွတ်စွာ ထုတ်လွှတ်နိုင်ရန်အတွက် အကောက်ခွန်ဌာနနှင့် လုပ်ငန်းရှင်များ ဆက်ဆံရေးစနစ်ကို တည်ထောင်သည်။ လုပ်ငန်းရှင်များထံသို့ သွားရောက်ပြီးပေါ်လစီညွှန်ကြားချက်များကိုထုတ်ဖော်ခြင်း၊ လျှပ်စစ်တင်ပို့မှုအခြေအနေကိုအစဉ်အမြဲကြပ်မတ်ခြင်း၊ လုပ်ငန်းများ ကြုံတွေ့နေရသော အခက်အခဲများကို အချိန်မီဖြေရှင်းပေးခြင်းများ လုပ်ဆောင်ပေးခဲ့သည်။

သတင်းထောက် - လျိုကျီယူ